# အင်္ဂလန်ခရီး မပြီးသေးပါ (၂၁)

အရှင်ဥာဏိက



အမေရိကမှာတုံးက အချိန်မရခဲ့တဲ့အတွက် ဥရောပနိုင်ငံတွေဆီသွားဖို့ ရှန်ဂန်ဗီဇာ မယူနိုင်ခဲ့။ အင်္ဂလန်ရောက်မှ ရနိုင်မယ်ဆိုလျင် ယူဖို့။ မရလျင်တော့လည်း အင်္ဂလန်ကပဲ လှည့်ပြန်ဖို့လို့ ဆုံးဖြတ်ပြီး အင်္ဂလန်ကို ထွက်ခဲ့တာ။ အင်္ဂလန်ရောက်တော့ ကြိုးစားကြည့်တယ်။ ဒီက ဗီဇာယူမယ်ဆိုလျင် အင်္ဂလန်မှာ အမြဲနေ ထိုင်ခွင့်ရှိတဲ့သူဖြစ်မှတဲ့။ သို့မဟုတ်လျင်ဖြင့် မိမိနေထိုင်ရာနိုင်ငံကနေ ယူခဲ့ဖို့လိုတယ်တဲ့။ သံရုံးတွေကို ဖုန်းဆက်၊ ခရီးသွားအေဂျင်စီကို သွားရောက် စုံစမ်း၊ ကိုယ်တိုင်လည်း ဝက်ဘ်ဆိုက်တွေကနေ ကြိုးစားကြည့်။ အဖြေကတော့ အတူတူ။ အတိုပြောရလျင်တော့ ဥရောပနိုင်ငံတွေဆီသွားဖို့ ဗီဇာမရခဲ့။ ဒီတော့လည်း အင်္ဂလန်နိုင်ငံအတွင်းမှာပဲ လည်ပေါ့။

မမှီတဲ့ စပျစ်သီးမို့ ချဉ်တာတော့ မဟုတ်ဘူး။ ဥရောပကို မသွားဖြစ်ခဲ့တဲ့အတွက် အင်္ဂလန်နိုင်ငံအတွင်းက နေရာတော်တော်များကို ရောက်ဖြစ်တယ်။ ဒီတော့ ကိုယ်ရေးနေတဲ့ အင်္ဂလန်ခရီး မပြီးသေးပါဆိုတဲ့ ခရီးသွားဆောင်းပါး ခေါင်းစဉ်အောက်မှာ တော်တော်လေးပြည့်ပြည့်စုံစုံ မှတ်တမ်းတင်နိုင်ခဲ့တယ်။ တကယ်လို့သာ ရှန်ဂန်ဗီဇာရခဲ့လျင် ဥရောပနိုင်ငံတွေမှာ နှစ်ပတ်ခန့်ကုန်မယ်၊ကျန်တဲ့နှစ်ပတ်ခန့်ပဲ အင်္ဂလန်မှာ လည်နိုင်မယ်။ ဒီလိုဆို အင်္ဂလန်အတွက် ရက်နည်းနေမယ်။ ခုရောက်ခဲ့တဲ့နေရာအချို့ကို သွားနိုင်တော့မှာ မဟုတ်ဘူး။ ရောက်တယ်ဆိုစေဦး။ ခုလောက် စုံစုံစေ့စေ့ အေးအေးဆေးဆေး လည်နိုင်မှာ မဟုတ်ဘူး။ တကယ်တော့ အင်္ဂလန်မှာက လေ့လာစရာ၊ လည်ပတ်စရာတွေက အများသား။ ဒီတော့ နောက်မှ စဉ်းစားမိပြီး ရှန်းဂန်ဗီဇာမရခဲ့တာကပဲ ကောင်းနေသလိုလို။

ဥရောပဖက် မသွားနိုင်ခဲ့တော့ နောက်သွားဖို့ကြိုးစားဦးမှာ အသေအချာ။ ဒီလို ကြိုးစားလို့ သွားဖြစ်ခဲ့လျင် အင်္ဂလန်ဆိုတာက ဥရောပရဲ့ အဝင်ဝ။ နောက်ပြီး ရင်းနှီးတဲ့မိတ်ဆွေတွေက အင်္ဂလန်မှာ။ ဒီတော့ အင်္ဂလန်ကို နောက်တစ်ခေါက် ပြန်ရောက်ဖြစ်ဦးမယ်။ အင်္ဂလန်က ကျန်နေသေးတဲ့နေရာတွေကို သွားဖြစ်ဦးမယ်။ စိတ်ဝင်စားတဲ့နေရအချို့ကိုလည်း ထပ်သွားဖြစ်ဦးမယ်။ ပြီးတော့လည်း ဥရောပကို သွားဖြစ်မယ်ဆိုလျင်လည်း အချိန်ပေးပြီးသွားမှ လေ့လာစရာရှိတာကို အတော်အသင့် စုံစုံလင်လင်လေ့လာနိုင်မယ်ဆိုတဲ့ အသိကိုလည်း ဒီအင်္ဂလန်ခရီးကနေ ရလိုက်တယ်။ ဒီတော့ ဥရောပခရီးအတွက် ကြိုတင်တွက်ဆ ပြင်ဆင်နိုင်တာပေါ့။

ထားလိုက်တော့။ မသွားဖြစ်တဲ့အကြောင်းတွေ ပြောနေလို့ ဘာ ဗဟုသုတမှ ဖြစ်စေမှာ မဟုတ်ဘူး။ သွားခဲ့တာတွေထဲက ကိုယ်စိတ်ဝင်စားတဲ့အကြောင်းကိုပဲ ပြန်ပြောတော့မယ်။



ဟမ်ပတန်ကုတ် နန်းတော် **(Hampton Court Palace)** တဲ့။ မမျှော်လင့် မထင်မှတ်ပဲ ဒီနေရာကို ရောက်သွားခဲ့တာ။ သို့ပေမယ့် ကိုယ့်စိတ်ထဲမှာတော့ ဒီနေရာလေးက ထင်ထင်ရှားရှား မှတ်မှတ်သားသား။ လန်ဒန်အနောက်တောင်ပိုင်း၊ ရစ်ချ်မွန်းဒ်အရပ်မှာရှိတဲ့ ဒီနန်းတော်ဟောင်းက သိမ်းမြစ်ကမ်းနဘေးမှာလေ။ ဟမ်ပတန်ကုတ် နန်းတော်ဘေးမှာတော့ သိမ်းမြစ်က ကျဉ်း

ကျဉ်း။ သို့ပေမယ့် တောလေးတွေကြားဖြတ်စီးနေတဲ့ သိမ်းမြစ်က လန်ဒန်မြို့တွင်းပိုင်းနဲ့စာရင် ပိုပြီးအရိုင်းဆန်နေတယ်။ ပိုပြီးမြစ်သဘာဝနဲ့နီးစပ်တယ်ပေါ့။ မြစ်ဆိုတာ သိပ်ယဉ် လွန်းပြန်လျှင် မြစ်ရဲ့ရသ မဲ့နေသလို။

ကိုယ်ဟမ်ပတန်ကုတ် နန်းတော်ကိုရောက်သွားတဲ့နေ့က အဌမမြောက် ဘုရင်ဟင်နရီရဲ့ နန်းတက်ပွဲ နှစ်ငါးရာပြည့် အခမ်းအနားကို ကျင်းပနေတာနဲ့ ကြုံတယ်လေ။ လိုင်းကားစီးပြီး နန်းတော်အနီးရောက်သွားတယ်။ နန်းတော်ဝန်းကျင်တဝိုက်မှာ ကားတွေလူတွေ အဆမတန်များနေတော့ ပွဲတော်တစ်ခုရှိနေမယ်လို့ ခန့်မှန်းလိုက်တာ။ နန်းတော်အဝရောက်မှ ဟင်နရီရဲ့ နန်းတက်ပွဲနှစ်ငါးရာနှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ဆိုတာ သိလိုက်ရတာ။ ကြုံတောင့်ကြုံခဲပွဲတစ်ပွဲ။ ဟုတ်တယ်လေ။ နှစ်ငါးရာပြည့်ပွဲ။ ဘယ်တုံးကမှ တွေ့နိုင်ခဲ့မှာ မဟုတ်သလို၊ ဘယ်တော့မှလည်း တွေ့နိုင်တော့မယ့် ပွဲမျိုးလည်း မဟုတ်။ ငါးရာနှစ်ခါ ဖြစ်နိုင်တာမျိုးမှ မဟုတ်တာ။



ကားပေါ်ဆင်းတော့ စတွေ့ရတာက ပန်းခြံ။ ဟမ်ပတန်ကုတ်ရဲ့ ပန်းပြပွဲက အလွန်နာမည်ကြီးတယ်လေ။ ဒီနှစ်မှာ ဂျူလိုင် ၇ ရက်ကနေ ၁၂ ရက် အထိတဲ့။ဒီပန်းပြပွဲကိုတော့ ကိုယ်ရောက်တဲ့ရက်ကနဲနဲစောနေလို့ ကိုယ်ကိုယ်တိုင် မြင်တွေ့ခွင့်မရ။ သို့ပေမယ့် ပုံမှန်ရှိနေတဲ့ ပန်းခြံကိုကပဲ ရောင်စုံရက်လုပ်ထားတဲ့ ပန်းကောဇောတစ် ချပ်လို။ ဟမ်ပတန်ကုတ် နန်းတော်ပန်းခြံထဲမှာတော့ ပန်းတွေက ရောင်စုံပွင့်လို့။

ဒီနေ့အစီအစဉ်ထဲမှာ ဘုရင်ဟင်နရီ နန်းတက်ပွဲအခမ်းအနားက အထူးအစီအစဉ်တစ်ခု။ နန်းတက်ပွဲအခမ်းအနား ကြည့်ဖို့ ချိန်နည်းနည်းစောနေသေးတယ်။ ဒီတော့ နန်းတော်ထဲဝင်ကြည့်မယ်ပေါ့။ လက်မှတ် ဝယ်ရတယ်။ ပွဲတော်အခမ်းအနားနဲ့ကြုံနေတော့ လူတွေက ပုံမှန်ထက်ပိုများနေတယ်ထင်တယ်။ လက်မှတ်ရအောင် တော်တော်ကြာကြာ တန်းစီရတယ်။ ဒီအချိန်မှာမှ မိုးကလဲ ဖွဲဖွဲလေးကျနေပြန်သေး။ ရာသီက ပူတဲ့နေ့ မဟုတ်လား။ ဒီတော့ ခုလိုမိုးဖွဲ လေးကျနေတာကို အများစုက နှစ်သက်နေဟန်ရှိရဲ့။

နန်းတော်အတွင်းမှာတော့ ဘုရင်ဟင်နရီရဲ့ မိဘုရားတွေရဲ့ပုံတွေ။ နှစ်ပေါင်းများစွာက ရက်လုပ်ထားတဲ့ အရုပ်ပေါင်းအမျိုးစုံနဲ့ ရောင်စုံချယ်သထားတဲ့ ကော်ဇောပန်းချီကားကြီးတွေကို ပြသထားတယ်။ ရဲတိုက်တွေ၊ ပြတိုက်တွေမှာ၊ ဘုရားရှိခိုးကျောင်းကြီးတွေမှာ အများဆုံးတွေ့ရတတ်တဲ့ အမိုးပန်းချီတွေကိုလည်း လှလှပပတွေ့ရ။ အမိုးမှာ ပန်းချီဆွဲထားတော့ အိပ်မယ်လို့ ခေါင်းအုံးပေါ် ခေါင်းတင်လိုက်လျှင် အမိုးရှိ ပန်းချီကားတွေကို တမင်ကြည့်သလိုဖြစ်မယ်။ ဒါဆိုသူ့အိပ်မက်ထဲမှာ ဒီပန်းချီကားထဲက အလှတရားတွေ ပြန်ပေါ်လာကောင်းပေါ်လာမယ်။ အခြားသူတွေကြည့်ရှုဖို့ထက် အိပ်ခန်းထဲမှာ နေသူအတွက် အထူးလှပ ခမ်းနားကြီးကျယ်တဲ့ ဒီပန်းချီကားကြီးတွေ ရေးဆွဲခဲ့တာဖြစ်မယ်။ ခုတော့လဲ အားလုံးသောသူတွေကြည့်ရှုစရာ ဖြစ်လာတယ်။ သို့ပေမယ့် သွားရင်းလာရင်း မော့ကြည့်ရတာဆိုတော့ ဘယ်မှာခေါင်းအုံးပေါ်ခေါင်းတင်ပြီး အေးအေးဆေးဆေး ကြည့်ရတာလောက်တော့ ကျကျနန အလှခံစားနိုင်ပါ့မလဲ။

စားဖိုဆောင်မှာတော့ အသားတွေ ငါးတွေကို ခွဲခြားမရနိုင်လောက်အောင် အတုပြုလုပ်ထားတဲ့ သားငါးတွေနဲ့ ရှင်ဘုရင်များရဲ့ စားတော်ကဲများက ကြော်လှော်ချက်ပြုတ်နေဟန်အတိုင်း ရှေးဟောင်းနန်းဟန်အဝတ်အစားအပြည့်နဲ့ ပုံစံပြနေကြတာကို ပြသထားတာကို မှတ်မှတ်ရရ သတိထားမိခဲ့တယ်။ တကယ်သာ ကိုယ်တိုင် ကိုင်မကြည့်လျှင်ဖြင့် သားငါးတွေက တကယ့်ကိုမှ အစစ်ထင်စရာ။ ဒီသားတုငါးတုတွေကပဲ သားစစ်ငါးစစ်အနံ့ထွက်နေတာက ကိုယ့်အတွက် အဆန်းအပြားတစ်ခု။



၃ နာရီထိုးဖို့နီးပြီမို့ နန်းတော်ဘေးက ပန်းခြံအတွင်းမှာ လူတွေက ဖွေးဖွေးလှုပ်။ တကယ့်ကိုမှ ကြက်ပျံမကျ။ နေ့လယ် သုံးနာရီတိတိမှာတော့ သိမ်းမြစ်ထဲကနေ ဘုရင်ဟင်နရီ ကြွချီလာတဲ့အခမ်းအနားကို ပြုလုပ်တယ်။ လူအုပ်ကိုတိုးဖို့က မလွယ်။ ဒါကြောင့် ကိုယ်ကတော့ ခပ်လှမ်းလှမ်း အဝေးကပဲ ကြည့်ခဲ့တယ်။ ဒီတော့လည်း ရေးရေးမျှသာ မြင်ရတယ်ပေ့ါ။ အခမ်းအနားပြီးတော့ ဟမ်ပကန်ကုတ် နန်းတော်ဝန်းကျင် တစ်ခုလုံး အခမ်းအနားထဲမှာ ပါဝင်တဲ့ ရံရွေတော်တွေ၊ မှူးကြီးမတ်ရာတွေ၊ နန်းဝတ်နန်းစားပုဂ္ဂိုလ်တွေက အနှံ့အပြား။ သူတို့နန်းဝတ်တွေက ကောင်းလွန်းတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀ က ခလောက်ကောင်းမွန်တဲ့ အဝတ်အစားတွေ ပေါ်နေပြီလားလို့ တွေးမိတယ်။ အင်းပေ့ါလေ။ သူတို့က ရှင်ဘုရင်အနား ခစားကြတဲ့ တော်ဝင်အနွယ်တွေပဲဟာ။ ဒီလောက် အဝတ်အစားကောင်းတာမျိုးတော့ ဘယ်ဆန်းလိမ့်မလဲ။ ရှင်ဘုရင်ဆိုတာ သူတို့တကယ်သာ လိုအပ်လျင် ဇနီးမယား သမီးသားနဲ့ မောင်းမမိဿံ အခြွေအရံတွေကို တစ်ကိုယ်လုံးတောင်မှပင် စိန်အပြည့်ဆင်နိုင်ဦးမှာပဲလို့ တွေးမိပြီး ကိုယ့်အဖြေနဲ့ကိုယ် သဘောကျကာ ပြုံးမိတယ်။ ပဒေသရာဇ်ခေတ်မှာက ရှင်ဘုရင်ဆိုတာ သက်ဦးဆံပိုင်၊ စေတလုံးနိုင်တဲ့ သူမျိုးမဟုတ်လား။ တတိုင်းတစ်ပြည်လုံးရဲ့ ဘဏ္ဍာတော်အားလုံးကိုလည်း သူပိုင်လို့သဘောထားကာ သုံးစားတတ်ကြတာပဲဟာကိုး။

မထင်မှတ်ပဲ ဟမ်ပတန်ကုတ် နန်းတော်ဟောင်းဆီရောက်ခဲ့တယ်။ သစ်ပင်ပန်းပင်တွေကို စနစ်တကျစိုက်ပျိုးထားတဲ့ ဟမ်ပကန်ဝန်းကျင်ဟာ သဘာဝနဲ့လူ့ဖန်တီးမှုကို အချိုးတကျ ပေါင်းစပ်ထားတဲ့ နှစ်သက်ဖွယ် နေရာလေးပါ။ မိုးအေးအေး နေ့တစ်နေ့မှာ ကျန်းမာရေးအတွက်ပဲဖြစ်၊ ပျော်ရွှင်မှုအတွက်ပဲဖြစ်ဖြစ်၊ သိမ်းမြစ်နဘေးမှာ၊ ဒါမမဟုတ် ဟမ်ပတန်ပန်းခြံထဲမှာ အေးအေးဆေးဆေး လမ်းလေးတစ်ခေါက် လျှောက်ရလျှင်ဖြင့် လန်းဆန်းမှုနဲ့အတူ အတွေးသစ်တို့ကို ဖွံ့ဖြိုးစေနိုင်မှာလို့ တွေးထင်မိခဲ့တာ။ ။

